# သစ္စာပြုနည်း

သာသနာတော်ကို စောင့်ရှောက်ကြကုန်သောနတ်ဗြဟ္မာအပေါင်းတို့

အကျွန်ုပ်တို့သည်....

သူတော်ကောင်းတရားများကို လေ့လာသင်ယူပြီး၊

ကျင့်ကြံအားထုတ်ကြတာ မှန်ပါ၏။

ဤမှန်သောဝစီသစ္စာစကားတို့ကြောင့်

ဗမာပြည်သူ၊ဗမာပြည်သားအပေါင်းတို့သည်။

ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းအပေါင်းတို့မှ

လျင်မြန်စွာ လွတ်မြောက်ကြပါစေကုန်သတည်း။

လူတိုင်းလူတိုင်း၊ပုဂ္ဂိုလ်တိုင်းပုဂ္ဂိုလ်တိုင်း၏။သန္တာန်မှာ

အဓမ္မတရားတို့မှ လွတ်မြောက်ကြပြီး

ဓမ္မတရားတို့သည် လျင်မြန်စွာ တည်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓုပါဘုရား။

## ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။

မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဟုဆိုအပ်သော ဤလောကုတ္တရာတရားကိုးပါးအား လျော်သောအကျင့်မြတ်ဖြင့် ဘုရားတပည့်တော်သည် သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ပူဇော်ပါ၏ အရှင်ဘုရား။

## ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။

မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဟုဆိုအပ်သော ဤလောကုတ္တရာတရားကိုးပါးအား လျော်သောအကျင့်မြတ်ဖြင့် ဘုရားတပည့်တော်သည် တရားတော်မြတ်အပေါင်းကို ပူဇော်ပါ၏ အရှင်ဘုရား။

## ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဟုဆိုအပ်သော ဤလောကုတ္တရာတရားကိုးပါးအား လျော်သောအကျင့်မြတ်ဖြင့် ဘုရားတပည့်တော်သည် သံဃာတော်မြတ်အပေါင်းကို ပူဇော်ပါ၏ အရှင်ဘုရား။

🌷🌷 🌷🙏🙏🙏🌷🌷🌷

## ဆုတောင်းအမျှပေးဝေရန်

ဤသို့ပြုရ မြတ်ပုညကြောင့် ချမ်းမြအေးကြည် ဘေးမဲ့မည်သည် ရွှေပြည်ထုတ်ချောက် လမ်းမကောက်ဘဲ ရောက်ရပါလို ထိုထိုဘဝ ကျင်လည်ရလဲ ဒုက္ခဘေးဒဏ် ရန်မာန်အပေါင်း မကောင်းဟူသမျှ မတွေ့ရဘဲ သဗ္ဗဏ္ဏုစ္ဆာ မင်္ဂလာကို ရွှယ်ကာတ, တိုင်းရစေသော်။
ယနေ့ယခု ပြုပြုသမျှ မြတ်ဘာဂကို မိဘဆရာ မျိုးသဟာနှင့် ကိုယ်မှာစောင့်ကြပ် ကိုယ်စောင့်နတ်က အရင်းစ၍ ရှိသမျှလုံးစုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျတို့ ရကြပါစေ ပေးငှဝေသည် များထွေ သာဓု ခေါ်စေသော်။

🌷🌷 🌷🙏🙏🙏🌷🌷🌷

🍂ဆရာတော် အရှင်မြတ်ဘုရား ...

ဆရာတော် ... ဘေးရန်ကင်းပါစေ

စိတ်ဆင်းရဲကင်းပါစေ

ကိုယ်ဆင်းရဲကင်းပါစေ

ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့်

ခန္ဓာဝန်ကို သာသနာ့ဝန်ကို ရွက်ဆောင်နိုင်ပါစေ။

ဆရာတော်ထံမှ မြတ်ဗုဒ္ဓ၏ တရားတော်များကို

သင်ယူလေ့လာကျင့်ခွင့်ရကြရသည့်တွက်

အထူး ကျေးဇူးကြီးမားလှပါသည် ... အရှင်ဘုရား။

တပည့်တို့သည် မြတ်ဗုဒ္ဓ၏ တရားတော်များကို

ရိုသေလေးစားစွာ သင်ယူ လေ့ကျင့်

အားထုတ်ပါမည်အရှင်ဘုရား

🌷🌷🌷🙏🙏🙏🌷🌷🌷

(**ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု**) သုံးကြိမ်ဆို

**ဗုဒ္ဓသာသနံ** သစ္စာလေးရပ် တရားမြတ်ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရား၏ သုံးပါး သဒ္ဓမ္မ အဆုံးမသုံးဖြာ, သီလသာသနာ, သမာဓိသာသနာ, ပညာသာသနာ သည် **စိရံ** နှစ်ငါးထောင်မက ရာထောင်ပွား လျက် တိုးတက်ထိန်လင်း ကမ္ဘာ ခြင်းအောင် **တိဋ္ဌတု** ဟောသူ ပြောသူ ပို့ချသူနှင့် သင်သူ အံသူ ကျင့်ကြံသူတို့ ဝှမ်းဆူမစဲ ခြိမ့်ခြိမ့်သဲအောင် အမြဲတည်ပါစေသတည်း။

🌷🌷🌷🙏🙏🙏🌷🌷🌷